# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၀–၈–၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **နယ်ခြားစောင့်တပ် (၁၀၀၁) မှ သိမ်းယူထားသော လေ့ကားထစ်လယ် (၂၄) ဧက အတွက် နစ်နာကြေးငွေပေးရန် စီစဉ်ထားမှု ရှိ၊ မရှိနှင့် သိမ်းဆည်းထားပြီးသော ဧရိယာထဲမှ အသုံးမပြုသည့် မြေများ ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ဟိုလွိုင်ကျေးရွာအုပ်စု၊ ကုန်းလေမုတ်ကျေးရွာ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်မြို့၏ အနီးပတ်ဝန်းကျင်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပလိပ်တွီကျေးရွာတွင် 33/11KV 3MVAဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာရှိ အသေးစားရေအားလျှပ်စစ်စက်ရုံအား ဓာတ်အားတိုးမြှင့်ထုတ်လုပ်ပေးနိုင်ရန်အတွက် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညဏ်ထွန်း၊ ဇီးကုန်း မဲဆန္ဒနယ်၏ **နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များသည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် PARDON သို့တည်းမဟုတ် လွတ်ငြိမ်းချမ်းသာခွင့် AMNESTY ဖြစ်သည်ကို ကွဲပြားစွာသိလိုခြင်းနှင့် ၉-၅-၂၀၁၉ ရက်စွဲပါ သတင်းထုတ်ပြန်ချက်မှ ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်ပေးရေးအတွက် အကျဉ်းသား၊ အကျဉ်းသူများ လွတ်ပေးရန် စနစ်တကျစိစစ်ခဲ့သည့် မူဝါဒများကို ရှင်းလင်းစွာ သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများ ကျန်းမာရေးဆေးကုသမှုခံယူရာတွင် အဆင်ပြေလွယ်ကူချောမွေ့စွာကုသနိုင်စေရန် ရန်ကုန်နှင့် မန္တလေးအစရှိသည့် မြို့ကြီးများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆေးရုံ(ရဲဆေးရုံ) တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၏ **ဂွမြို့နယ်၊ ဆက်သွားချောင်း သဗြာဆိပ်တွင် ဖမ်းဆီးရမိခဲ့သည့် သစ်တင်လှေအား သစ်တောဝန်ထမ်း၊ ရဲဝန်ထမ်းများ လက်သို့အပ်နှံခဲ့ပြီးမှ လွတ်မြောက်သွားခြင်းအား မည်ကဲ့သို့အရေးယူမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်က **"လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် တရားမျှတစွာ ကုစားဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်သမ္မတကြီးက (၅၂) ချက်သော မူဝါဒများကို ချမှတ်ညွှန်ကြားပေးခဲ့ပါသော်လည်း မူဝါဒများအပေါ် ထိရောက်စွာ အကောင်အထည်ဖော်မှုများ မရှိသည့်အတွက် အောင်မြင် ပြီးစီးမှုနည်းပါးပြီး ကြန့်ကြာမှုများ တွေ့ရှိနေရပါသဖြင့် (၅၂) ချက်သော မူဝါဒအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသော တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူပြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကို ပွင့်လင်းမြင်သာစွာဖြင့် တိတိကျကျ မှန်မှန်ကန်ကန် အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးပါရန်နှင့် ဖြေရှင်းဆောင်ရွက်ပြီးမှုများအား ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **“တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။